ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လကွယ်၊ ကြာသပတေးနေ့ (30-6-2011) (၆၀၀၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကချင်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၂၉/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ်(၂၉/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၂၉/၂၀၁၁)
၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

ကချင်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့အရ ကချင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ကချင်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်-

(က)	ဗိုလ်မှူးကြီးသန်းအောင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးညွန့်အောင်	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ဂ)	ဦးဘီထောဇောင်း	စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်နိုင်	သစ်တောနှင့် သတ္တုဝန်ကြီးဌာန
(င)	ဒေါက်တာခင်မောင်ထွန်း	စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးကမန်းဒူးနော်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးစိုင်းမောင်ရွှေ	လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးအလေးပါး	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဒေါ်ဘောက်ဂျာ	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၃၀/၂၀၁၁)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ်(၃၀/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၀/၂၀၁၁)
၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်-

(က)	ဗိုလ်မှူးကြီးကြည်နိုင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးစောမြင့်ဦး	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ဂ)	ဦးစိန်ဝင်း	စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးသန်းထိုက်	သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန
(င)	ဦးစိန်မောင်း	စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးတင်ငွေ	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးကျော်ဝင်း	လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးတင်ဝင်း	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာမြင့်သိန်း	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ယနေ့ ကြေးမုံ သတင်းအညွှန်း

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်

(သတင်း) စာမျက်နှာ ၃

ဆိပ်ကမ်းလုပ်ငန်းနှင့် လေဆိပ်လုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

(သတင်း) စာမျက်နှာ ၅

ကဘူးရှိ ဇိမ်ခံဟိုတယ်ကို စစ်သွေးကြွများ သိမ်းပိုက်ပြီးနောက် နေတိုး ပြန်လည်သိမ်းယူ

(သတင်း) စာမျက်နှာ ၄

နေမာကို ခေါ်ယူရန် ထိပ်တန်းအသင်းများ စိတ်ဝင်စား

(သတင်း) စာမျက်နှာ ၁၀



ကြေးမုံ The Mirror

၁၀-၆-၂၀၁၁
(ကြာသပတေးနေ့)

မူးယစ်ကင်းစင် လူမှုဝန်းကျင် ကျန်းမာပျော်ရွှင်

မူးယစ်ဆေးဝါးသည် လူသားထုတစ်ရပ်လုံး၏ လူနေမှုဘဝကို ညစ်နွမ်းစေသည်။ ကျန်းမာရေး၊ ပညာရေး၊ အသိပညာဗဟုသုတများ ထိခိုက်ပျက်စီးစေသည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်နှီးနွှယ်သည့် လူမှုပတ်ဝန်းကျင်တွင် ဆင်းရဲမွဲတေမှုများ ဖြစ်စေနိုင်သဖြင့် ကမ္ဘာတစ်ခွင် ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလသတ်မှတ်၍ အကောင်အထည်ဖော်နေသည်။ ယခုအခါ တတိယ (၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်သို့ ရောက်ရှိလာပြီဖြစ်ရာ မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည့်ကာလ ဖြစ်သည်။

ထို့အတူ ၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၌ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး သတ်မှတ်ထားရာ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရမည့်အချိန်အခါလည်း ဖြစ်သည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်လာစေရန် စည်းရုံးလုပ်ဆောင်ရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ကြရပေတော့မည်။

မူးယစ်ဆေးဝါးများသည် နိုင်ငံ၏ဘက်စုံဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသဖြင့် ခေတ်အဆက်ဆက် အစိုးရအဖွဲ့များက တိုက်ဖျက်ချေမှုန်းလာခဲ့ကြသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများကပါ ပူးပေါင်းပါဝင် ကြိုးပမ်းကြသဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ခရီးရောက်အောင်မြင်မှုရရှိနေပြီဖြစ်သည်။ ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသများတွင် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းခြင်း လုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နေကြပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ရာ ကာလတန်ဖိုး ကျပ် သန်းပေါင်း လေးထောင်ကျော် ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ကြိုးပမ်းနေကြသည့်တိုင် မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ ပြည်သူတစ်ရပ်လုံးက မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်တွင် ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ ။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅)မှ အရာရှိများ၏ (၂၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စိတ်ကျန်းမာရေးဆေးရုံကြီးနှင့် စွယ်တော်မြတ်စေတီတို့သို့ အလှူငွေကျပ် ခြောက်သိန်း ငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၁၉၉	၀. ၀၃၂၄၅
တရုတ် (ယွမ်)	၆. ၄၆၄၄၀	၀. ၁၅၄၆၉
အိန္ဒိယ (ရူပီး)	၄၄. ၈၆၅၀	၀. ၀၂၂၂၉
မလေးရှား (ရင်းဂစ်)	၃. ၀၃၅၅၀	၀. ၃၂၉၃၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၄၄၂	၀. ၈၁၀၁၀
ဂျပန် (ယန်း)	၈၁. ၀၂၀၉	၀. ၀၁၂၃၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၆. ၉၄	၀. ၀၀၀၉၃
ယူရို	၀. ၆၉၄၀၃	၁. ၄၄၀၈၆
ဗြိတိသျှ (ပေါင်)	၀. ၆၂၄၂၄	၁. ၆၀၁၉၄

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဇူလိုင် ၉၊ ၁၀ ရက်(အစား) ဇူလိုင် ၈၊ ၉ ရက်တွင် ကျင်းပမည်

နေပြည်တော် ဇွန် ၂၉

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၉၊၁၀ ရက် (၂၀၁၁ ခုနှစ် ဇူလိုင် ၉ ၊ ၁၀ ရက်) (အစား) ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၈၊ ၉ ရက် (၂၀၁၁ ခုနှစ် ဇူလိုင် ၈၊ ၉ ရက်) (သောကြာ၊ စနေနေ့)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၄ ရက် (၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်) (တနင်္လာနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမကောလိပ် (ဖောင်ကြီး)၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အနာဂတ်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်နှင့် အခြေခံလူသားအရင်းအမြစ်များ မွေးဖွားပေးရန် လေ့ကျင့်ပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၉

သမဝါယမကောလိပ် အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အစုအဖွဲ့များ ဖွဲ့စည်းပြီး အခက်အခဲ မှန်သမျှကို စုပေါင်းဖြေရှင်းတတ်သည့် သမဝါယမအလေ့အကျင့်များ သန္ဓေတည် ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ကျောင်းသင်ခန်းစာများကို အခြေခံကာ ကျေးလက်ပြည်သူ့ဘဝ လေ့လာရေးများကို စီစဉ်ပေးလျက်ရှိကြောင်း၊ အနာဂတ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် အခြေခံ လူသားအရင်းအမြစ်များ မွေးဖွားပေးရန် ရည်ရွယ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့ကို မျက်ခြည်မပြတ် ဂရုစိုက်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ သမဝါယမကောလိပ်(ဖောင်ကြီး)ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စာသင်ခန်းများ၌ ကျောင်းသားကျောင်းသူများ စာသင်ယူနေမှု၊ စာသင်ခန်းများ၊ လမ်းများ၊ ဂျီအီးစီ (ပညာရေး) အဆောင်းဆိုင်နှင့် စားသောက်ဆိုင်၊ အိပ်ဆောင်နှင့် ကျောင်းဥပမိကောင်းမွန်ရေးအတွက် ကောလိပ်ဝင်းအတွင်း စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းရုံးသို့ သွားရောက်၍ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဝန်ထမ်းများ၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်သူများ၏ အကျိုးစီးပွားအတွက် အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်ဖွယ်ရှိသည်များကို ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ကျောက်တံတားမြို့နယ်၊ လသာမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရန်နှင့် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀ ပြည့်နှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် သတ္တမအကြိမ်မြောက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝိုင်အမ်စီအေ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အဖွဲ့အတွင်းရေးမှူး ဒေါ်တင်မွေး (မွေးငယ်ငယ်)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)အလုပ်အမှုဆောင် ကော်မတီဝင် ဦးခင်ဆွေ(ရွှေစွန်ညို)က အမှာစကားပြောကြားပြီး **(ယာပုံ)** နှစ်ပတ်လည် အစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်) က ဖတ်ကြားတင်ပြသည်။ ထို့နောက် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အဖွဲ့ဝင် ဂျူလိုင်မိုးက အကြံပြုထောက်ခံတင်ပြပြီး အစည်းအဝေးက အတည်ပြုသည်။

ဆက်လက်၍ သက်ကြီးစာပေပညာရှင်ကြီးများဖြစ်သည့် ဦးတင်ထွန်း (တင်ထွန်း-တောင်ကုတ်)၊ ဦးတင်ရွှေ (ရဲဘော်တင်ရွှေ)၊ ဦးအုန်းမောင် (ရာမဦးအုန်းမောင်)၊ ဦးအောင်ဆု(အောင်ဆုရှင်)၊ ဒေါ်စောနန်းမြင့် (စိန်ဂျွန်း)၊ ဦးဘွန်ထိုင် (ဘွန်ထိုင်)၊ ဦးစံဝင်း (စံဝင်း၊ ဗိုလ်တထောင်)နှင့် ဦးမောင်မောင်တို့အား စာပေအဖွဲ့ဝင်များက ငွေကျပ် ၁၀၀၀၀ စီနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပြီး ကန်တော့ခံပညာရှင်ကြီးများကိုယ်စား ဦးအုန်းမောင် (ရာမဦးအုန်းမောင်) က ဆုံးမဩဝါဒနှင့် ဆုပေးစကား ပြောကြားခဲ့သည်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU သည် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီ ခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အခန်းကဏ္ဍများ ဆွေးနွေး

နေပြည်တော် ဇွန် ၂၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမိမိသက်သွင်တို့လည်း တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ညောင်ရွှေမြို့နယ်၌ သုတစာကြည့်တိုက်သစ်ဖွင့်

ညောင်ရွှေ ဇွန် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ကျောက်ငှက်ကျေးရွာ သုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇွန် ၉ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်၊ ရပ်မိရပ်ဖ ဦးမောင်စိန်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူများ၏ လှူဒါန်းငွေကျပ် ၂၅ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

စာချစ်သူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြစ်သား ဇွန် ၂၉

မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာ စာချစ်သူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ တီဗွီပြစက်၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၈ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၅	ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၃၀	"ပါရာယနသုတ္တန်"တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၀)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၈)**
၈း၅၀	ဦးခိုက်ပူဇော် လှူဒါန်းကြစေသော် ဘူမိဖဿသတ္တပူဇာရုပ်ပွားတော်နှင့် ရှင်စောမြတ်စေတီတော်
၉း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Kanebo)
၉း၃၅	ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (S.I.E.C Preschool)
၉း၄၅	အသည်းကင်ဆာကုထုံးသစ် အကြောင်းဆွေးနွေးခြင်း
၁၀း၀၅	မုံရွာမြို့မှ. . . ဧရိပ်ဆာယာ
၁၀း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၀	The Champion of Dance
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	ဖွံ့ဖြိုးသာယာမင်္ဂလွန်းစံပြကျေးရွာ စုပေါင်းဆင်နွှဲ ဗုဒ္ဓရာပြည့်ပွဲ
၁၂း၂၅	လေးတောင်တိုက်နယ်တွင် တည်ထားပူဇော်သည့်အေးချမ်းသာယာ စေတီတော်ထီးတော်တင် မင်္ဂလာအခမ်းအနား
၁၂း၄၀	ဗုဒ္ဓဂယာမဖျိမဒေသဆီသို့
၁း၀၀	"ပါရာယနသုတ္တန်"တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Quiz Idol
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၀)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၈)**
၄း၅၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ
၅း၂၅	ရန်ကုန်မြင်ကွင်းကျယ်
၅း၄၀	သာသနာ့အမွေခံယူရှင်ပြုအလှူ
၅း၅၀	Singapore Night (ChinaTown)
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၁)**
၇း၀၅	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	Myanmar Golf Club ၏ နှစ်ပတ်လည်အခမ်းအနား
၈း၃၅	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၉)**
၁၀း၂၀	အားကစားမြင်ကွင်းစုံ
၁၀း၄၅	ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင်. . . Golden Lamps အမွေးတိုင်
၁၁း၀၀	အနုပညာမိုးကောင်းကင်
၁၁း၂၀	ဂီတသရုပ်ပြခန်း
၁၁း၄၀	ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(စပျစ်)
၁၂း၀၀	ခာတ်ပုံထဲမှအမှတ်တရများ
၁၂း၂၅	ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ(အပိုင်း-၁)
၁၂း၅၀	ဘဝများ
၁း၂၀	ရင်နှစ်ပန်းတို့လန်းစေချင်
၁း၃၅	စွဲမက်ဖွယ်ရာရတနာ
၂း၀၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၂း၁၅	ရောင်စုံရသနီယွန်ည
၂း၄၅	ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၃း၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၁၀	မဖြိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ
၄း၂၅	ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၄း၄၀	အံ့ဖွယ်ထင်ရှားကျိုက္ခမိဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကိုကိုမောင်ကြီး ရေးသားသည့် "ကျွန်တော်သိသော တစ်ရံရောအခါများ" စာအုပ် ဒုတိယအကြိမ် ထုတ်ဝေမည်

မြန်မာ့နိုင်ငံရေးလောကတွင် ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ကိုကိုမောင်ကြီး(ဦးချစ်လှိုင်)၏ နှစ်ပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော ဘဝပုံရိပ်များကို မှတ်တမ်းပြုရေးသားထားသည့် "ကျွန်တော်သိသော တစ်ရံရောအခါများ "စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထွက်ရှိမည်ဖြစ်သည်။

အဆိုပါစာအုပ်ကို ယခင်ရောင်းဈေးအတိုင်း ငွေကျပ် ၅၅၀၀ ဖြင့်ပင် စာပေဗိမာန်စာအုပ်ဆိုင် သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၀၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၂၅/၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆/၃၈၉၈၃၈၊ ထွန်းဦးစာပေ ဖြန့်ချိရေး မန္တလေးမြို့ ဖုန်း-၀၂-၃၉၈၀၁၊ ၇၂၅၁၈နှင့် နဂါးစာပေ မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၂၇ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

ပုဂံမင်းဆက်များရာဇဝင်စာအုပ် ဒုတိယအကြိမ် ထုတ်ဝေ

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာ ပထမမြန်မာနိုင်ငံတော် ပုဂံမြို့ဟောင်းတွင် ခရစ်နှစ် ၁၀၇ခုနှစ်မှ ၁၃၆၈ခုနှစ်အထိတိုင် နန်းစိုက်ခဲ့သည့် ပုဂံမင်း (၅၅)ဆက်တို့အကြောင်းကို စုစည်းဖော်ပြထားသည့် စာရေးဆရာ တက္ကသိုလ်မောင်သုလှိုင် ရေးသားပြုစုထားသော **"ပုဂံမင်းဆက်များ ရာဇဝင်"** စာအုပ်ကို ရွှေမြန်မာစာပေမှ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ထိုစာအုပ်တွင် ပုဂံပြည်ကြီး စတင်တည်ထောင်ပုံ သမိုင်းအကျဉ်းနှင့်အတူ ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့သော သမုဒ္ဒရာဇ်မင်းမှသည် နောက်ဆုံးမင်းဆက် စောမွန်နစ်မင်းသို့တိုင် ပုဂံမင်းအဆက်ဆက်တို့၏ အတ္ထုပ္ပတ္တိအကျဉ်းကို ၎င်းတို့၏ စွမ်းဆောင်ချက်များနှင့်အတူ တစုတစည်းတည်း ဖော်ပြထားသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုဂံညောင်ဦးတို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် ရွှေမြန်မာစာပေ ဖုန်း-၀၉-၄၉၂၁၃၉၇၂၊ ၀၉-၅၁၂၁၇၆၉၊ ၀၆၇-၃၆၁၄၀နှင့် ၀၁-၅၄၁၆၃၆တို့သို့ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

အံ့ဖွယ်ပုံပြင် ဂျပန်ဒဏ္ဍာရီများစာအုပ် ထွက်ရှိ

ဆရာကြီးမောင်ထင် ရေးသားသည့် 'အံ့ဖွယ်ပုံပြင် ဂျပန်ဒဏ္ဍာရီများ' စာအုပ် စတုတ္ထအကြိမ် ထွက်ရှိလာသည်။ ထိုစာအုပ်တွင် ဂျပန်စာပေဗဟုသုတကို မြန်မာတို့သိရှိနိုင်စေရန် ဆီလျော်အောင် ဘာသာပြန်ဆိုထားပြီး နားရွက်ပြတ်ကြီး၊ ဟသ်ာမောင်နှံ၊ နို့ထိန်းသည်၏ ချယ်ရီပင်၊ ဇော၊ ကြေးမုံနှင့် ခေါင်းလောင်း၊ တဆွေပုံပြင်၊ စုန်း၊ လျှို့ဝှက်ချက်၊ မနှင်းပွင့်၊ မိုးမခမယ်၊ ပင့်ကူမျှင်၊ ငရဲအိုးဟင်းလင်း ပွင့်ခြင်းစသည့် ဝတ္ထုတိုပုံပြင်များ ပါရှိသည်။

မြို့တော်ကဘူးရှိ အင်တာကွန်တီနင်တယ်ဟိုတယ် တိုက်ခိုက်ခံရမှုကြောင့် မီးခိုးလုံးကြီးများ ပေါ်ထွက်လာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကဘူးမြို့ရှိ ဟိုတယ်တစ်လုံးကို တာလီဘန်စစ်သွေးကြွများ သိမ်းပိုက် ခြောက်နာရီကြာ တိုက်ပွဲဖြစ်ပွားပြီး နေတိုးတပ်ဖွဲ့ပြန်လည်သိမ်းယူ

ကဘူး ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်ရှိ နိုင်ငံခြားသားများအကြိုက်တွေ့ရာ အင်တာကွန်တီနင်တယ်ဟိုတယ်ကို တာလီဗန် စစ်သွေးကြွများက ဇွန် ၂၈ ရက်တွင် တိုက်ခိုက်သိမ်းပိုက်၍ နာရီပေါင်းများစွာ ထိန်းချုပ်ထားခဲ့ရာ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက် သိမ်းယူခဲ့ရကြောင်း သိရသည်။

အင်တာကွန်တီနင်တယ်ဟိုတယ် တိုက်ခိုက်သိမ်းယူမှုတွင် ပါဝင်သော တာလီဘန်သေနတ်သမားများ၊ အသေခံဗုံးခွဲသမားများနှင့် နေတိုးတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲသည် အင်္ဂါနေ့ ညပိုင်းမှ ဗုဒ္ဓဟူးနေ့နံနက်ပိုင်းအထိ ကြာမြင့်ခဲ့ပြီး ဟိုတယ် ခေါင်မိုးပေါ်၌ လက်နက်ငယ်တိုက်ပွဲများ ဖြစ်ပွားခဲ့ရကြောင်း အာဖဂန် အာဏာပိုင်များက ပြောကြားသည်။

ခြောက်နာရီကြာမြင့်

အာဖဂန်နစ္စတန်၏မြို့တော် လုံခြုံရေးအတားအဆီးများကို တာလီဘန်များက ထိုးဖောက်နိုင်ကြောင်း ပြသွန်းနေသည့် အင်တာကွန်တီနင်တယ်ဟိုတယ်သိမ်းတိုက်ပွဲသည် ခြောက်နာရီ မျှကြာမြင့်ခဲ့ကြောင်း ဝေါလ်စထရီသတင်းစာက ဖော်ပြခဲ့သည်။

အင်တာကွန်တီနင်တယ်ဟိုတယ်သိမ်းတိုက်ပွဲ၌ တာလီဘန် စစ်သွေးကြွခုနစ်ဦးနှင့် အခြားလူ ၁၁ ဦးတို့ သေဆုံးခဲ့ကြကြောင်း ကမ္ဘာ့သတင်းဌာနများက ဖော်ပြသည်။

တာလီဘန်တိုက်ခိုက်ရေးသမားများသည် အာဖဂန် ရဲတပ်ဖွဲ့ဝင်များ၏အသွင် ပုံဖျက်ကာ ဟိုတယ်ကို ထိုးဖောက် တိုက်ခိုက်ခဲ့ကြကြောင်း အာဖဂန်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာလီဘန်များ ဝင်ရောက်တိုက်ခိုက်ချိန်သည် အင်တာ ကွန်တီနင်တယ်ဟိုတယ်အတွင်း မင်္ဂလာပွဲတစ်ရပ်ကျင်းပနေချိန် ဖြစ်ပြီး အာဖဂန်ပြည်နယ်အုပ်ချုပ်ရေးမှူးများ၏ အစည်းအဝေး တစ်ရပ်ကျင်းပရန် ပြင်ဆင်နေချိန်လည်းဖြစ်သည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၃၇၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၉၇၁၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၃၇၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၇၁၃ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူ အများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၂၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၄၀၁၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၅၈၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၀၁၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၅၈၈ ဦး

အင်တာနက်။

ရေကြောင်းကင်းလှည့်လေယာဉ်များအတွက် တော်ပီဒိုများ အိန္ဒိယဝယ်ယူမည်

နယူးဒေလီ ဇွန် ၂၉

အိန္ဒိယနိုင်ငံသည် ပင်လယ်ရေကြောင်း ကင်းလှည့် လေယာဉ်များ၌တပ်ဆင်နိုင်ရန် အမေရိကန်နိုင်ငံထံမှ အပေါ့ စားတော်ပီဒို ၃၂ လုံး ဝယ်ယူမည်ဖြစ်ကြောင်း ယင်းနိုင်ငံတွင် ထုတ်ဝေသည့် အိန္ဒိယစံတော်ချိန်အမည်ရှိ သတင်းစာက ဇွန် ၂၉ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယနိုင်ငံက ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြပ်ရာ၌ အသုံးပြုသော တာဝေးပျံသန်းနိုင် သည့် လေယာဉ်သစ် ၁၂စင်းတွင် တော်ပီဒိုဒုံးကျည်များကို တပ်ဆင်မည်ဖြစ်သည်။

ပီ-၈၁အမျိုးအစား ကင်းလှည့်လေယာဉ်များကို အိန္ဒိယ နိုင်ငံက အမေရိကန် ဘိုးအင်းလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီ ထံမှ မှာယူထားသည်။ အိန္ဒိယသမုဒ္ဒရာ၌ လေကြောင်းမှ ကင်းထောက်ပျံသန်းရာတွင် ယင်းလေယာဉ်များကို အသုံးပြု မည်ဖြစ်ကြောင်း၊ တော်ပီဒိုဒုံးကျည်များ၊ ယင်းဒုံးကျည်နှင့် ဆက်စပ်နေသောကိရိယာများ၊ အပိုပစ္စည်းများအတွက် အိန္ဒိယ နိုင်ငံက အမေရိကန်ဒေါ်လာ ၈၆ သန်း ကျခံသုံးစွဲရမည်ဖြစ် ကြောင်း သတင်းစာတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ဘိုးအင်းကုမ္ပဏီထံမှ ပီ-၈၁အမျိုးအစား လေယာဉ်များကို အမေရိကန်ဒေါ်လာ ၃ဒသမ ၁ ဘီလီယံဖိုး ဝယ်ယူမည်ဖြစ်သည်။ ယင်းလေယာဉ်များအသုံးပြုခြင်းဖြင့် အိန္ဒိယရေတပ်၏ကာကွယ်ရေးစွမ်းပကားများ မြင့်မားလာမည် ဖြစ်ကြောင်း သတင်းစာတွင်ဖော်ပြသည်။

ဆင်ဟွာ။

ပျက်သုဉ်းမည့်ဘေးကြုံနေရသည့်ဒေသများအဖြစ် မိုးသစ်တောအချို့အား ယူနက်စကို စာရင်းသွင်း

ပါရီ ဇွန် ၂၉

ဟွန်ဒူးရပ်စ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများရှိ အပူပိုင်းမိုးသစ်တောများကို ပျက်သုဉ်းမည့်ဘေးရင်ဆိုင်နေရသည့် ကမ္ဘာ့အမွေ အနှစ်ဒေသများအဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က စာရင်းသွင်းခဲ့ကြောင်း ဇွန် ၂၉ ရက် သတင်းများတွင် ဖော်ပြသည်။

ဟွန်ဒူးရပ်စ်နိုင်ငံ ကာရစ်ဘီယံကမ်းရိုးတန်းဒေသရှိ ရီယိုပလာတာနိုဇီဝထိန်းသိမ်းရေးကြိုးဝိုင်းကို ပျက်သုဉ်းမည့်ဘေးကြုံနေ ရသောဒေသများစာရင်းမှ ၂၀၀၇ ခုနှစ်တွင် ဖယ်ထုတ်ခဲ့သော်လည်း ယခုပြန်လည်ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

အကျယ်အဝန်းစတုရန်းကီလိုမီတာ ၅၀၀၀ကျော်ရှိ၍ တောင်ပေါ်သစ်တောကြိုးဝိုင်းတစ်ခုဖြစ်သည့် ရီယိုပလာတာနိုဇီဝ ထိန်းသိမ်းရေးကြိုးဝိုင်း၌ တရားမဝင်မြေရှင်းလင်းမှုများ၊ အမဲလိုက်ခြင်းများနှင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ထိန်းသိမ်းရေး လုပ်ငန်းများ ခရီးမပေါက်ဖြစ်ရကြောင်း ယူနက်စကိုက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းပေါ်ရှိ ကျန်ရစ်ဆဲ မိုးသစ်တောအများစုပါဝင်သည့် သဘာဝသစ်တောကြိုးဝိုင်းသုံးခုကိုလည်း ပျက်သုဉ်းမည့်အန္တရာယ်ကြုံနေရသောဒေသများအဖြစ် ယူနက်စကိုက သတ်မှတ်ခဲ့သည်။

ယင်းသစ်တောကြိုးဝိုင်းများသည် လမ်းဖောက်လုပ်မှုများ၊ သစ်ထုတ်လုပ်မှုများ၊ အမဲလိုက်ခြင်းများနှင့် အခြားသောဥပဒေပ လုပ်ရပ်များ၏ ဆိုးကျိုးများကို ရင်ဆိုင်နေရကြောင်း ယူနက်စကိုအဖွဲ့ကြီးက ပြောကြားသည်။ ပျက်သုဉ်းမည့်ဘေးကြုံနေရသည့် သဘာဝနှင့်ဆက်နွယ်သောဒေသများထပ်တိုးစာရင်းကို ပြင်သစ်နိုင်ငံ ပါရီမြို့အစည်းအဝေးတစ်ခု၌ ယူနက်စကိုအဖွဲ့ကထုတ်ပြန်ခဲ့သည်။

အင်တာနက်

အမျိုးအမည်မသိရောဂါဆန်းတစ်မျိုးကြောင့် အိန္ဒိယနိုင်ငံ၌ ကလေးများသေဆုံး

နယူးဒေလီ ဇွန် ၂၉

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်၌ အမျိုးအမည် မသိ ရောဂါဆန်းတစ်မျိုးကြောင့် ကလေးအများအပြား သေဆုံး နေကြရကြောင်း ဇွန် ၂၉ ရက် သတင်းများ၌ ဖော်ပြထားသည်။

ယင်းရောဂါဆန်းသည် ဘီဟာပြည်နယ် မူဇက်ဖာပါးခရိုင်၌ ကူးစက်ဖြစ်ပွားနေခြင်းဖြစ်ပြီး ရက်သတ္တသုံးပတ်ကြာကာလ အတွင်း ထိုရောဂါကြောင့် သေဆုံးခဲ့ရသည့် ကလေးအရေ အတွက်မှာ အနည်းဆုံး ၄၆ ဦးရှိကြောင်း အိန္ဒိယနိုင်ငံ ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ရောဂါဆန်းကို ဦးနှောက်အမြေးရောင်ရောဂါ အဖြစ် အိန္ဒိယသိပ္ပံပညာရှင်များက မူလကယူဆခဲ့ကြသော်လည်း နောက်ပိုင်း၌ ယင်းယူဆချက်မဖြစ်နိုင်ကြောင်း သိရှိခဲ့ကြသည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှ်တြားပြည်နယ်ရှိ ဗိုင်းရပ်စ်ဗေဒဆိုင်ရာ အမျိုးသားသိပ္ပံ၌ ရောဂါဖြစ်ပွားသော ကလေးများ၏ သွေးနမူနာများကို စစ်ဆေးခဲ့ပြီးနောက် အဆိုပါ ရောဂါဆန်းသည် ဦးနှောက်အမြေးရောင်ရောဂါဖြစ်သည်ဆို သောအချက်အား သိပ္ပံပညာရှင်များက ဖယ်ထုတ်ခဲ့ရသည်။

လက်သည်မသိရသေး

အသက် (၁၀)နှစ်အောက် ကလေးများ၌ အများဆုံး ဖြစ်ပွားနေသည့် ထိုရောဂါဆန်း၏ လက်သည် ဗိုင်းရပ်စ်ပိုး၏ သဘာဝကို ယခုအချိန်အထိ မသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ရောဂါကူးစက်ဖြစ်ပွားနေသည့် ကျေးရွာ ၆၃ ရွာ၌ Methylene နှင့် DDT ကူးစက်ရောဂါကာကွယ်ရေး ဆေးရည် များကို ပက်ဖျန်းပေးထားကြောင်း ကျန်းမာရေးဌာနတာဝန်ရှိသူ များက ပြောကြားခဲ့သည်။

အင်တာနက်။

နီပေါဘုရင့်နန်းတော်ဟောင်းတစ်ခု၌ လျှို့ဝှက်သိမ်းဆည်းထားသော ရတနာသေတ္တာများတွေ့ရှိ

ခတ္တမန္ဒူ ဇွန် ၂၉

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်ရှိ ဘုရင့်နန်းတော်တစ်ခုကို ပြုပြင်မွမ်းမံနေကြသော အလုပ်သမားများသည် အလေးချိန် ၃၀၀ ကီလိုဂရမ် (၆၆၁ ပေါင်) ကျော်ရှိသော ရွှေငွေလက်ဝတ်လက်စား များအား ရှာဖွေတွေ့ရှိခဲ့ကြောင်း နီပေါအစိုးရက အင်္ဂါနေ့တွင် ပြောကြားသည်။

နှစ် ၅၀၀ ကျော် သက်တမ်းရှိမည်ဟု ယူဆရသော ယင်းရတနာများကို သေတ္တာသုံးလုံးဖြင့် ထည့်သွင်းထားပြီး ၁၆ ရာစုလက်ရာ ဟာနုမန်ဒိုကာနန်းတော်၏ စတိုခန်းတစ်ခန်း၌ လျှို့ဝှက်ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှာဖွေတွေ့ရှိခဲ့သော ရတနာများထဲ၌ ဒင်္ဂါးပြားများနှင့် အဆင်တန်ဆာရတနာများပါဝင်ပြီး နတ်ဘုရားများကို ပူဇော် ပသထားသည့် လက္ခဏာဖြစ်ကြောင်း နီပေါအစိုးရတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

လက်ရှိ၌ ရတနာသေတ္တာတစ်လုံးကိုသာ ဖွင့်လှစ်စစ်ဆေး ခဲ့သော်လည်း ယင်းသေတ္တာအတွင်း ပါဝင်သည့်ရတနာများ၏ တန်ဖိုးမှာ နီပေါနိုင်ငံသုံး ရူပီးငွေ ၁၇ ဒသမ ၅ သန်း (အမေ ရိကန်ဒေါ်လာ ၂၃၃၃၃၄)ရှိကြောင်း ခန့်မှန်းတွက်ချက်မှုများ အရ သိရသည်။

ကျန်ရတနာသေတ္တာနှစ်လုံးကို ယခုရက်သတ္တပတ် အကုန် ပိုင်း၌ ဖွင့်လှစ်စစ်ဆေးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြ သည်။ ဟာနုမန်ဒိုကာနန်းတော်ကို ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့အမွေအနှစ် အဆောက်



နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်ရှိ ရတနာများ ရှာဖွေတွေ့ရှိခဲ့သော ဟာနုမန်ဒိုကာနန်းတော်ကိုတွေ့ရစဉ်။

အအုံအဖြစ် သတ်မှတ်ထားသည်။ ၁၉ ရာစုနှောင်းပိုင်းအထိ နီပေါတော်ဝင်အဆက်အနွယ်များ နေထိုင်ခဲ့ကြပြီး ယခုအခါ ပြတိုက်အဖြစ် အသွင်ပြောင်းထားသော ယင်းနန်းတော်ကို နီပေါအစိုးရက ရူပီး ၄ ဒသမ ၅ သန်း အကုန်အကျခံကာ ပြန်လည်ပြုပြင်လျက်ရှိသည်။

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU သည် ယနေ့ ညနေ ၃ နာရီတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးအားလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရရှိသူများ၊ တစ်ဘာသာဂုဏ်ထူးရရှိသူများ၊ ရိုးရိုးအောင်မြင်သူများနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးရရှိသူများကိုယ်စား ဝန်ကြီးရုံးအတွက် ရုံးအဖွဲ့မှူး ဦးကျော်ဝင်းအား လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး) ဦးကျင်မောင်အားလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်စိန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်တို့အားလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးအားလည်းကောင်း၊ အထူးအရာရှိ သူရဦးစိန်သောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းတို့က လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးနှင့် သုံးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၄၇ ဦး စုစုပေါင်း ၃၇၅ ဦးအတွက် ဆုပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူ ၅၂၄၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆိပ်ကမ်းလုပ်ငန်းနှင့် လေဆိပ်လုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ Fritz Werner Industrie - Ausrustungen Co.,Ltd. Managing Director Mr. Joerg Gabelmann ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများနှင့် လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ Fritz Werner Industrie-Ausrustungen Co.,Ltd. Managing Director Mr.Joerg Gabelmann ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဩစတြေးလျပညာရေး ရှင်းလင်းပြသဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

ဩစတြေးလျနိုင်ငံတွင် တိုက်ရိုက်ပညာသင်ယူလိုသော ကျောင်းသားများနှင့် မိဘများ လာရောက်လေ့လာနိုင်သည့် ဩစတြေးလျပညာရေးပြပွဲကြီးကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အမှတ်(၃၃) အလံပြဘုရားလမ်း ဒဂုံမြို့နယ်ရှိ Parkroyal Hotel,Grand Ballroom ၌ Australian Visa & Student Services မှ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲသို့ ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် ကျောင်းများမှ တာဝန်ရှိသူများကိုယ်တိုင် လာရောက်ဆွေးနွေးပေးမည်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များ၏ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် သိရှိနိုင်ပြီး မိမိစိတ်ပါဝင်စားသည့် ကျောင်းများမှ ကိုယ်စားလှယ်များနှင့်လည်း တစ်ဦးချင်း ဆွေးနွေးနိုင်ကြောင်း၊ ထိုကဲ့သို့ ဆွေးနွေးနိုင်ရန်အတွက် မိမိ၏ ပညာရေးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ အလုပ်မှထောက်ခံစာနှင့် ဓာတ်ပုံနှစ်ပုံတို့ကို တစ်ပါတည်း ယူဆောင်လာရန်လိုကြောင်း၊ ထို့အပြင် ဩစတြေးလျအစိုးရ၏ ပညာသင်ဆုများ၊ ဩစတြေးလျ တက္ကသိုလ်များ၏ ပညာသင်ဆုများ အကြောင်းကိုလည်း ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း၊ ကျောင်းလျှောက်သောသူများအား ဝန်ဆောင်ခနှင့် သက်ဆိုင်ရာ ကျောင်းဝင်ကြေးများ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက AVSS Myanmar ရုံးခန်း အမှတ်(၂၄)ဒီ ပထမထပ် ဗိုလ်ရာညွှန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၃၃၆၆၊ ၀၉-၅၁၄၇၂၂၇၊ ၀၉-၅၀၁၄၃၃၄၊ ၀၉-၇၃၀၃၅၅၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(ကြေးမုံ)

❍ ကျောဖုံးမှ

အစ္စရေးနိုင်ငံ ရေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော ပင်လယ်ခူများမှာ Warty Comb Jellyအမျိုးအစားဖြစ်ပြီး အမေရိကတိုက်၌နေထိုင်ကျက်စားလေ့ရှိသော ရေသတ္တဝါများဖြစ်ကြသည်။

ပင်လယ်ခူများ အလွန်အမင်းများပြားလာမည်ဆိုပါက စီးပွားဖြစ် ငါးဖမ်းဆီးသည့်လုပ်ငန်းများကို ထိခိုက်လာနိုင်ပြီး ရိက္ခာထုတ်လုပ်မှု ကျဆင်းလာနိုင်သည်ဆို၏။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၁၁ (ကြာသပတေးနေ့)

[၁၃၇၃ ခုနှစ်၊ နယုန်လကွယ် (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈း၂၀ ၉။ တေးဂီတအစီအစဉ်
- ၈း၃၀ ၁၀။ အကပဒေသာ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ "ချစ်သောမြေ ချစ်သောရေ"
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ အထူးပြုများ) (ရူပဗေဒ)
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၅ ၆။ "ရတနာစုံညီနေပြည်တော်ဆီ"
- ၅း၁၀ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၅း၃၀ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (စံကေလင်ငှက်များ)
- ၅း၄၀ ၉။ "(၂၀၁၁)ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူး ရောင်းချပွဲ" (အကြိုခင်းကျင်းပြင်ဆင်မှု)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ တေးဂီတအစီအစဉ်
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြုံကြုံဖန်ဖန်အမွေဆိုင်" (အပိုင်း-၅)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၁၉။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၉)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၇၂)**
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာပွားများခြင်းတရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

※ တစ်နှစ်ပတ်လုံးမှ

စိုက်ပျိုးပြသထားသည့် စိုက်ကွက်၊ မြေယာရှုခင်းအလှ ပြုလုပ်ထားသည့် ရွှေငါးကြီး ရေကန်၊ ကနုကမာအလှထိုင်ခုံ၊ ဦးရွှေရိုးထိုင်ခုံ၊ Sea Horse ထိုင်ခုံများနှင့် ရေတံခွန် တည်ဆောက်မှု၊ နှစ်ရှည်ပန်းအလှပင်များ စနစ်တကျ အကွက်ချစိုက်ပျိုးထားရှိမှုနှင့် ထီးပင်စိုက်ကွက်အတွင်း ဆင်မိသားစုရေပန်း အလှကန်နှင့် ကျောက်လိုဏ်ဂူ လှပစွာ ဆောက်လုပ် စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

အကွက်ချစိုက်ပျိုးထား

ယခုဖွင့်လှစ်သည့် ပန်းမြိုင်လယ်ဥယျာဉ်သည် မြန်မာပြည်အနှံ့အပြား၌ နေရာဒေသအလိုက် ကွဲပြားစွာ ပေါက်ရောက်နေသည့် နှစ်ရှည်ပန်းအလှပင်များကို တစ်နှစ်ပတ်လုံး ရာသီအလိုက် ဖူးပွင့်ဝေဆာနေသော ပန်းဥယျာဉ်ကြီးအဖြစ် တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာမြင်တွေ့ခွင့်ရရှိစေရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပန်းဥယျာဉ်အတွင်း ပန်းအိ၊ ဇလပ်ဖြူ၊ ကျူးလစ်၊ မဟာလှေခါး၊ မဥ္ဇူသကနတ်ပန်း၊ ရင်ခတ်ပန်း၊ တစ်ဆယ့်နှစ်ရာသီပန်း၊ ဇီဇဝါ၊ လုမ္ဗိနီအင်ကြင်း၊ ချယ်ရီဖြူ၊ ဆန်ကွဲပန်း၊ စံကားဝါ၊ စံကားဖြူ၊ ပန်းတမာ၊ ရွှေခေါင်းလောင်း၊ သုံးပန်လှ၊ တတိုင်းမွှေး၊ ပန်းမဲဇလီ၊ ပုန်းညက်၊ ကသစ်နီ၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ မဏိသြဃ၊ ပန်းဆည်းလည်း၊ ကေရာဇ်၊ ငှက်သိကြား၊ ကတ္တီပါ၊ တောင်ဇလပ်၊ ပင်လုံးဝေ၊ မိုးမခ၊ နန်းလုံးကြိုင်၊ ခါတော်မီ၊ သော်ကမာလာ အစရှိသည့် နှစ်ရှည်ပန်းအလှပင် အမျိုးပေါင်း ၁၀၀ စုစုပေါင်း အပင်ရေ ၂၅၀၀ ကို ပန်းဥယျာဉ် ဧရိယာ ၅၅ ဧကအတွင်း စနစ်တကျ အကွက်ချစိုက်ပျိုးထားခြင်းဖြစ်သည်။

ထို့အပြင် ပန်းဥယျာဉ်အတွင်း ပြည်သူများအနေဖြင့် မြန်မာပြည်အနှံ့အပြားမှ နှစ်ရှည်ပန်းအလှပင်များကို လေ့လာရင်း အပန်းဖြေ အနားယူနိုင်စေရန်နှင့် မျက်စိပသာဒဖြစ်စေရန်၊ မြေယာရှုခင်းအလှများ၊ ချောင်းငယ်များ၊ ချောင်းကူးတံတားများ၊ လူလျှောက်လမ်းများဖြင့် တန်ဆာဆင် တည်ဆောက်ထားပြီး ပန်းဥယျာဉ်သို့ လာရောက်ကြည့်ရှုလေ့လာသော အများပြည်သူများ အလွယ်တကူအပန်းဖြေစားသောက်နိုင်ရန် အဆင့်မြင့်စားသောက်ဆိုင် တစ်ဆိုင်ကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပန်းမြိုင်လယ်ဥယျာဉ်သည် နေပြည်တော် ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်း ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ကပ်လျက်တည်ရှိပြီး နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားလျက်ရှိသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပြီးစီးသွားသော ပန်းမြိုင်လယ် ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ရေး၊ ပြည်တွင်းလုပ်သားများ တိုးမြှင့်အသုံးပြုရေး၊ ရေအားလျှပ်စစ်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇွန် ၂၉

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှုမဖြစ်စေရန် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်သွားရေးနှင့် ပြည်တွင်းမှ လုပ်သားများအား တိုးမြှင့်အသုံးပြုဆောင်ရွက်ရေး၊ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်လုပ်ငန်းများကို အဆင်ပြေချောမွေ့စေရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပညာရည်ချွန်ဆုချီးမြှင့်၊ ပညာသင်ထောက်ပံ့

နေပြည်တော် ဇွန် ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအနက် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် ငါးဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီး၏ ဇနီးက လေးဘာသာ ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီးဦးတင့်လွင်နှင့် ဇနီးတို့က လေးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးရှိ ဝန်ထမ်းမိသားစု သားသမီး မူလတန်း၊အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ရာ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပညာရည်ချွန်ဆုများချီးမြှင့်ငွေနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၃၅၁၆၄၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၂၉

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ် ဘာနိုဒါကိုစတာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၂၉

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အမှတ်(၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ်၌ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။လှူဒါန်းပွဲသို့ အသင်းဝင်မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုံ့ကျော်(ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ အတွင်းရေးမှူး ဗိုလ်ကြီး သန်းဌေး(ငြိမ်း) ဖုန်း-၀၉-၅၁၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂ နှင့် အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၃ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာ့ရှုခင်း
၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၅ ၁။ နိုင်ငံတော်သီချင်း
၄:၁၀ ၂။ အဖွင့်သီချင်း
၃။ 2011 FIFA WOMEN' S WORLD CUP (GERMANY) -Norway Vs Equatoril Guinea (NDD)
၅:၃၀ ၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၈)**
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၆။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၇။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၈။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၃၅)
၇:၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၂၃)**
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ အမျိုးသားရေးတေးကဗျာ
၁၂။ ဒို့တာဝန်အရေး(၃)ပါး
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အနုပညာရှင်၏တစ်နေ့တာ
၁၆။ ကုန်သွယ်သုတ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃၀)**
၁၉။ 2011 FIFA WOMEN' S WORLD CUP (GERMANY) -Canada Vs France (Live)

(၁-၇-၂၀၁၁) (သောကြာနေ့)

၀၁:၁၅
2011 FIFA WOMEN' S WORLD CUP (GERMANY) -Germany Vs Nigeria (Live)

ရွှေတိဂုံပုံတူစေတီတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းများ တရုတ်နိုင်ငံ ဟေနန်ပြည်နယ်တွင် တည်ထားဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇွန် ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ White Horse Temple ကျောင်းတော်အတွင်း ရွှေတိဂုံပုံတူစေတီတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းများ အကောင်အထည်ဖော် တည်ထားဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားရာတွင် နာယကဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ ရှေးထုံးစဉ်လာများနှင့်အညီ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူများ ကိုးကွယ်ဆည်းကပ်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံးဗုဒ္ဓဘာသာကျောင်း တည်ရှိသည့် ဟေနန်ပြည်နယ် လော့ယန်မြို့ White Horse Temple ကျောင်းတော်အတွင်း မြေနေရာ မီတာ ၆၀×၁၀၀ အတွင်း၌ ရွှေတိဂုံပုံတူစေတီတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းများကို တရုတ်-မြန်မာချစ်ကြည်ရေး တိုးတက်စေရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နိုင်ရန်နှင့် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေရန်တို့အတွက် တည်ထားဆောက်လုပ်မည်ဖြစ်ကြောင်း စေတီတော်အတွင်း၌ မြန်မာ့ပန်းဆယ်မျိုးနှင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကြီးအတွင်းပိုင်း၌ ရေးသားဖော်ပြထားသည့် မဂ္ဂင်ရှစ်ပါးတရားတော်များကို မြန်မာ-အင်္ဂလိပ်-တရုတ်ဘာသာတို့ဖြင့် ရေးထိုးပူဇော်ရန် ပညာရှင်များနှင့် ညှိနှိုင်း၍ လောကီလောကုတ္တရာ အကျိုးတိုးပွားကြရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ White Horse Temple ကျောင်းတော်အတွင်း ရွှေတိဂုံပုံတူစေတီတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းများ အကောင်အထည်ဖော် တည်ထားဆောက်လုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၅၁ ဦးရှိသည့်အနက် ၄၆ဦး တက်ရောက်ရာ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတက ပြင်ဆင် ဖြည့်စွက်ဖွဲ့စည်းထားရှိသည့် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးဌာနများတွင် ဝန်ကြီးများ ခန့်အပ်ကြောင်း အမိန့်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက ပြည်နယ်လွှတ်တော်သို့ ကြေညာသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနများ၌ ပြောင်းလဲတာဝန်ပေးအပ်မှုမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးသန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးညွန့်အောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဘီထောဇောင်း၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာခင်မောင်ထွန်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကမန်းဒူးနော်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစိုင်းမောင်ရွှေ၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအလေးပါးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်ဘောက်ဂျာတို့ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးရှိသည့်အနက် အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတက အဆိုပြုထားသော ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းထားသည့် ချင်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်ပြသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ဒုတိယနေ့

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းညီလာခံ ဆိုင်းဘုတ်ဖွင့်

နေပြည်တော် ဇွန် ၂၉

မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းညီလာခံ ၂၀၁၁ ဆိုင်းဘုတ်ဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၇ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အေးလွင်၊ အတွင်းရေးမှူး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အဖွဲ့ဝင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းက မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းညီလာခံ ၂၀၁၁ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

(သတင်းစဉ်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သခင်မြလမ်းကတ္တရာလမ်း သစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ဖြစ်မှာလား-ပြန်ချစ်မှာလား

ကိုမြန်မာ

ခုတစ်လော မြန်မာ့နိုင်ငံရေးလောကမှာ ဖြစ်နေပျက်နေ၊ ကြားသိနေရတဲ့သတင်းတွေက ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဆိုတာကို မဝေခွဲတတ်လောက်အောင်ပါပဲ။ ဘာလို့လဲဆိုတော့ တစ်ဖက်မှာလည်း ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ်ထူထောင်ရာမှာ ပွင့်ပွင့်လင်းလင်း ချစ်ချစ်ခင်ခင်နဲ့ တက်တက်ကြွကြွ လုပ်ကြကိုင်ကြဖို့ နိုင်ငံတော်အစိုးရပိုင်းက တာဝန်အရှိဆုံးဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ကစပြီး ဦးဆောင်သူအဆင့်ဆင့်က ပြောကြဆိုကြ စိတ်ရင်းစေတနာအမှန်နဲ့ လုပ်ကိုင်နေကြတာ တွေ့ရမြင်ရတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ အားတက်ဝမ်းသာရပါတယ်။

တစ်ဖက်မှာလည်း တည်ငြိမ်လာခါစ ကန်ရေပြင်ကို နောက်ကျိသွားအောင် မွှေချင်နှောက်ချင် ခြေလှမ်းပြင်နေတဲ့ သတင်းတွေကြားရတော့ စိတ်မချမ်းသာရတာလည်း အမှန်ပါပဲ။ မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီးပြီး မြန်မာပြည်မှာပဲ အရိုးထုတ်သွားရမယ့် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အမှန်တကယ် ခံစားရသမျှ ပြောရရင် လှုပ်လှုပ်ရှားရှား မတည်မငြိမ် ဆူဆူညံညံ အသံတွေဆိုရင် အသံကြားရုံနဲ့ ရင်တုန်စိတ်ကုန်နေလှပါပြီ။ လူကြီးတွေအလုပ်ပျက်၊ ကလေးတွေကျောင်းပျက်၊ ကုန်သည်တွေစီးပွားပျက်၊ လက်လုပ်လက်စားတွေ ဘဝပျက်၊ တစ်နိုင်ငံလုံးအတွက် အနာဂတ်မျှော်လင့်ချက်တွေ ပျက်ခဲ့ကြရတဲ့ အရေးအခင်းဆိုတာတွေ၊ ဆူပူမှုဆိုတာတွေ၊ ပစ်တာခတ်တာ၊ ဗုံးကွဲတာတွေ နောက်ထပ်လည်း လေသံတောင်မှ မကြားချင်တော့ပါဘူး။

နိုင်ငံသမိုင်းကို ပြန်ကြည့်လိုက်ရင်လည်း လွတ်လပ်ရေးရပြီးကတည်းက ဘယ်လောက်များ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖွံ့ဖြိုးတိုးတက်ခွင့် ရခဲ့ဖူးလို့လဲ။ ပြန်စဉ်းစားလိုက်တော့ ဟိုးတစ်ချိန်က အလွန်လူကြိုက်များခဲ့တဲ့ မင်းသားကြီးရွှေဘရဲ့ ရုပ်ရှင်ဇာတ်ကားနာမည်တစ်ခုကို ပြေးပြီးသတိရမိပါတယ်။ အဲဒီဇာတ်ကားနာမည်က--

"မိုက်တယ်ဆိုတာ လွယ်ပါတယ်" တဲ့

အခုပြန်တွေးကြည့်မှ တယ်ဟုတ်တဲ့စကားပဲလို့ စဉ်းစားမိတယ်။ သိပ်မှန်ပါတယ်။ မိုက်တယ်ဆိုတာ အင်မတန်လွယ်ပါတယ်။ တကယ်တမ်းကျတော့ လိမ္မာဖို့သာခက်တာပါ။ မိုက်တယ်ဆိုတာက ကိုယ့်မှာရှိပြီးသား၊ သိုထားအောင်းထားတဲ့ စိတ်ဆိုးစိတ်ညစ်တွေကို တံခါးဖွင့်ထုတ်လိုက်ရုံပါပဲ။ လိမ္မာဖို့ဆိုတာကတော့ အပြင်ကိုထွက်ချင်လို့ သူ့ထက်ငါ တိုးဝှေ့နေကြတဲ့ အဲဒီ စိတ်ဆိုး စိတ်ညစ်တွေကို မနည်းအားတင်ပြီး ထိန်းချုပ်တားဆီးနေရတဲ့ အလုပ်မျိုးမို့ လုပ်ဖို့ခက်ပါတယ်။ မိုက်ဖို့လွယ်လို့လည်း အန္တပုထုဇဉ်တွေဘဝနဲ့ သံသရာမှာ မရေမတွက်နိုင်အောင် ကျင်လည်နေခဲ့ကြရတာပါ။ ရှေ့ဆက်ပြီး ဒီလမ်းကြောင်းအတိုင်း ဖြန့်ထွက်တွေးလိုက်မယ်ဆိုရင်-

"မိုက်ဖို့ဆိုတာ လွယ်ပါတယ်။ လိမ္မာဖို့က ခက်ပါတယ်"

"ရှုပ်ဖို့ဆိုတာ လွယ်ပါတယ်။ ပြန်ရှင်းဖို့က ခက်ပါတယ်"

"ရန်ဖြစ်ဖို့က လွယ်ပါတယ်။ ပြန်ချစ်ဖို့က ခက်ပါတယ်"

ဒါတွေကို ပညာတွေတတ်ထား သိထားပြီးသား နိုင်ငံရေးလောကသားတွေ နောကျေနေလောက်ပြီးသားပဲ ဖြစ်မယ်ထင်ပါတယ်။ ဒါပေမယ့် ပညာရှိ သတိဖြစ်ခဲဆိုသလို အခုသွားနေတဲ့လမ်းကြောင်းတွေရဲ့ ဦးတည်ချက်က အန္တရာယ်မီးနီတွေကို လှမ်းပြီးမြင်နေရတာမို့ သတိထားနိုင်ဖို့ ပြောနေရတာဖြစ်ပါတယ်။

အခုအချိန်မှာ နိုင်ငံရေးနဲ့ ပတ်သက်နေတဲ့ ပုဂ္ဂိုလ်မှန်သမျှမေးလိုက်ပြောလိုက်ရင် ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြန်လည်ရင်ကြားစေ့ရေး စတဲ့ အင်မတန်နားဝင်ချိုတဲ့ စကားလုံးတွေ လျှံထွက်နေတာတွေ့ရမှာပါ။ ဒါပေမယ့် နောက်ဆုံးတွေ့မြင်ကြားသိနေရတဲ့ တစ်စွန်းတစ်စလှုပ်ရှားမှုလေးတွေ၊ စကားသံတွေမှာတော့ တစ်မျိုးကြီးလို့ ဆိုနိုင်တဲ့ အရိပ်အယောင်တွေကို တွေ့လာရသလိုပါပဲ။

ဥပမာ။ ပြီးခဲ့တဲ့ ဇွန်လ ၁၉ ရက်နေ့က 'အန်တီစု'ရဲ့ မွေးနေ့ဆုတောင်းမှာ "ပါတီအဖွဲ့အစည်းအားလုံးပူးပေါင်းဆောင်ရွက်ကြဖို့၊ အားလုံးငြိမ်းချမ်းစွာနေနိုင်ကြဖို့ ဆန္ဒပြုဆုတောင်းတယ်"လို့ ဆိုပေမယ့် BBC ရေဒီယိုအစီအစဉ်ကနေ မကြာခင်ထုတ်လွှင့်ပေးဖို့ရှိတဲ့ Reith Lectures အစီအစဉ်ကို သီးသန့်ဖိတ်ကြားထားတဲ့ လူတချို့အတွက် ကြိုတင်ဖွင့်ပြပြီးတဲ့နောက် အစီအစဉ်တင်ဆက်သူ Sue Lawley နဲ့ ရန်ကုန်မြို့ရဲ့ လျှို့ဝှက်စခန်းတစ်နေရာကနေ ပြောဆိုရာမှာ အန်တီစုက သူ့ရဲ့ကာလကြာရှည် စွဲကိုင်ထားခဲ့တဲ့ အကြမ်းမဖက်ရေးမူဝါဒကို စွန့်လွှတ်နိုင်ဖွယ်ရှိတယ်လို့ ပြောခဲ့ကြောင်း သတင်းတချို့မှာတွေ့ရပါတယ်။ အဲဒီအသံကြားတော့ အတော်ကလေးကို စိုးရိမ်သွားမိတာ အမှန်ပါပဲ။

ဒါ့အပြင် မကြာခင်က တူနီးရှားနဲ့ အီဂျစ်မှာဖြစ်ခဲ့တဲ့ကိစ္စတွေကို ၁၉၈၈ ခုနှစ် အရေးအခင်းနဲ့ နှိုင်းယှဉ်ပြီး ပြောသွားရာမှာ ဟိုနိုင်ငံတွေမှာ ဖြစ်ပျက်သမျှ ကမ္ဘာသိအောင် သတင်းနည်းပညာနဲ့ ပို့ဆောင်ပြသနိုင်လို့ အောင်မြင်ခဲ့တယ်။ ၁၉၈၈ ခုနှစ်တုန်းကတော့ ဒီလိုမလုပ်နိုင်လို့ မအောင်မြင်ခဲ့တာလို့လည်း သုံးသပ်ပြောဆိုသွားသေးတယ်လို့ ဆိုပါတယ်။ အဲလိုပြောဆိုသံတွေနဲ့အတူ အန်တီစုက "မြန်မာနိုင်ငံရဲ့မပြီးဆုံးသေးတဲ့ ဒီမိုကရေစီတိုက်ပွဲကို ဝိုင်းဝန်းကူညီကြဖို့" သတင်းနည်းပညာတွေကိုသုံးပြီး ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပနေတဲ့ နိုင်ငံတကာနှီးနှောဖလှယ်ပွဲတွေ၊ အစည်းအဝေးတွေ၊ လွှတ်တော်တွေအစရှိတဲ့ နေရာအသီးသီးမှာ ဗီဒီယိုမိန့်ခွန်းတွေပို့ပြီး ပြောနေတာ၊ နိုင်ငံတကာရေဒီယိုအစီအစဉ်တွေနဲ့ အင်တာဗျူးလုပ်နေတာတွေဟာ ဟိုတုန်းက မအောင်မြင်ခဲ့တဲ့အရေးအခင်းကို အခုထပ်ပြီး အောင်မြင်အောင်လုပ်တော့မယ်လို့များ သန္နိဋ္ဌာန်ချပြီး ခြေလှမ်းစနေတာလားဆိုတာ စဉ်းစားစရာဖြစ်လာပါတော့တယ်။

အန်တီစု ပြန်ပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားပြောဆိုလာနိုင်ခါစတုန်းက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်ဆိုပြီး ပျော့ပျော့ပျောင်းပျောင်း ပြောဆိုလုပ်ကိုင်ခဲ့လို့ အားလုံးက မျှော်လင့်ချက်တွေနဲ့ စောင့်ကြည့်နေခဲ့ကြတာပါ။ နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်တိုးနိုင်မယ့် အပြောအဆိုအသုံးအနှုန်းတွေကို ထိန်းသိမ်းပြီး လူမှုရေးလုပ်ငန်းတွေကို ဇောက်ချအားပေးလုပ်ကိုင်လာလို့ ဘာပဲဖြစ်ဖြစ် နိုင်ငံကောင်းအောင် အားလုံးဝိုင်းပြီးလုပ်ကြကိုင်ကြတာပဲလို့ စဉ်းစားပြီးတော့ စိတ်ချမ်းသာနေခဲ့မိတာ အမှန်ပါပဲ။

နိုင်ငံကောင်းဖို့အတွက် နိုင်ငံမှာ ဒီမိုကရေစီပြည့်ဝဖို့၊ လူမှုရေးလိုအပ်ချက်တွေ ဖြည့်ဆည်းကူညီဖို့ အန်တီစုမှာ ဆန္ဒရှိတယ်ဆိုတာ ကြိုဆိုပါတယ်။ ဝမ်းသာပါတယ်။ ဒါပေမယ့် အဲဒီစိတ်ဆန္ဒစေတနာကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ ချဉ်းကပ်ပုံလမ်းကြောင်းမှန်ဖို့ သတိထားစေချင်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အီဂျစ်တို့ တူနီးရှားတို့လို နိုင်ငံတွေနဲ့ မတူတဲ့ အချက်ကတော့ Ideal Democracy မဟုတ်တောင်မှ လက်တွေ့အလုပ်ဖြစ်နိုင်တဲ့ Functionable Democracy စနစ်တော့ ရှိပြီး ဖြစ်နေပါပြီ။ အဲတော့ အရှေ့အလယ်ပိုင်းက အုံကြွဆူပူမှုလမ်းကြောင်းမျိုးကို နောက်တစ်ကြိမ်ပြန်လိုက်ပြီး မရေရာ မသေချာတဲ့ အောင်မြင်မှုမျိုးကို အိပ်မက်စိတ်ကူးနေမယ့်အစား လက်တွေ့ကျကျရှိပြီးဖြစ်နေတဲ့ ဒီမိုကရေစီအခြေခံအုတ်မြစ်ပေါ်ကနေ ဒီမိုကရေစီနည်းကျကျ ပိုပြီးရင့်ကျက်ပြည့်ဝတဲ့ ဒီမိုကရေစီပုံစံဖြစ်ထွန်းဖွံ့ဖြိုးလာအောင် အန်တီစုရဲ့ မွေးနေ့မှာပြောခဲ့တဲ့အတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်မယ်ဆိုရင် ပိုမကောင်းပေဘူးလားလို့ အကြံပြုချင်ပါတယ်။

ပြီးခဲ့တဲ့ရွေးကောက်ပွဲတုန်းက အကြောင်းအမျိုးမျိုးကြောင့် အန်တီစုရဲ့ NLD အင်အားစုတွေ ရွေးကောက်ပွဲမဝင်ခဲ့ကြတာ အခုပြန်တွက်ကြည့်လိုက်ရင် ဘယ်သူပဲ နစ်နာသွားသလဲဆိုတာ အားလုံးသိနေမြင်နေကြတာပါပဲ။ NLD ရဲ့ တရားဝင်ရပ်တည်ခွင့် ဆုံးရှုံးသွားခဲ့သလို လှုပ်ရှားလုပ်ကိုင်ရတဲ့ နေရာမှာ အားနည်းသွားတာ မငြင်းနိုင်တဲ့ အချက်တွေပါ။ ဒါပေမယ့် NLD အတွက် လုံးဝဥဿုံ လမ်းစပိတ်သွားတာတော့ မဟုတ်ပါဘူး။ နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ချင်တယ်ဆိုရင် တရားဝင်ပြန်ပြီး လုပ်ကိုင်နိုင်မယ့် အခွင့်အရေးတွေ နည်းလမ်းတွေရှိပြီးသားပါ။

လက်တွေ့ကျကျ ပြန်စဉ်းစားကြည့်ရင် တချို့အိမ်နီးချင်းနိုင်ငံတွေမှာ အာဏာရှိတဲ့လူတွေနဲ့ မသင့်မြတ်တဲ့ နိုင်ငံရေးပါတီတွေကို အကြောင်းအမျိုးမျိုးပြပြီး လုံးဝဖျက်သိမ်းပစ်တာ၊ ပါတီခေါင်းဆောင်တွေ ရာနဲ့ချီပြီး နိုင်ငံရေးလုပ်ခွင့်ကို ငါးနှစ်လောက်အထိ ပိတ်ပစ်တာမျိုးတွေရှိခဲ့ပေမယ့် ဒီနိုင်ငံမှာ ဒါမျိုးမရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ NLD မဝင်ဖို့ ဆုံးဖြတ်ခဲ့တာလည်း အန်တီစုရဲ့ ဆုံးဖြတ်ချက်အတိုင်း လိုက်ခဲ့ကြတာပါ။ အစိုးရက ပိတ်ပင်ထားတာ မရှိခဲ့ပါဘူး။ အဲဒီလို ပိတ်မထားခဲ့လို့ NLD ထဲက အင်အားစုတချို့တောင်မှ လိုလိုလားလား ရွေးကောက်ပွဲဝင်ခဲ့ကြလို့ အခုဆိုရင် လွှတ်တော်ထဲမှာ လွတ်လွတ်လပ်လပ်နဲ့ ပြောနိုင်ဆိုနိုင်ပြီး အပြင်မှာလည်း တရားဝင်ခိုင်ခိုင်မာမာ ရပ်တည်လှုပ်ရှားနေတာ တွေ့နေရတာပဲ မဟုတ်လား။

အဲတော့ စေတနာအမှန်နဲ့ အကြံပြုရမယ်ဆိုရင် လမ်းကြောင်းအမှန်ကို ပြန်ပြီးရွေးချယ်ဖို့ဟာ နောက်ကျတယ်၊ လွန်သွားပြီဆိုတာမျိုး မရှိပါဘူး။ အခုမှ တည်ငြိမ်စ၊ တည်ထောင်စ သွေးနုသားနု နိုင်ငံတစ်ခုကို သွေးလန့်သွားစေမယ့် လှုပ်ရှားမှုတွေပြနေမယ့်အစား တိုင်းပြည်ကောင်းဖို့ အားလုံးအတူပူးပေါင်းပြီး ဥပဒေဘောင်ထဲက လုပ်ကြကိုင်ကြတာဟာ ပြည်သူလူထုအပါအဝင် အားလုံးအတွက် ကောင်းပါလိမ့်မယ်။

နိုင်ငံအတွက် နိုင်ငံရေးလုပ်မယ်ဆိုရင်လည်း အခြေခံဥပဒေနဲ့အညီ ပါတီထောင်၊ တရားဝင်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ကာ ပြည်သူလူထုရဲ့ ဒီမိုကရေစီနည်းကျရွေးချယ်ဆုံးဖြတ်မှုကို ခံယူစေချင်ပါတယ်။

လူမှုရေးပရဟိတလုပ်ငန်းတွေ လုပ်ချင်သပဆိုရင်လည်း လူမှုရေးအဖွဲ့အစည်းအဖြစ် ဥပဒေနဲ့အညီ ဖွဲ့စည်းမှတ်ပုံတင်ပြီး တရားဝင်ရပ်တည်ထူထောင်ဆောင်ရွက်စေချင်ပါတယ်။ သူများတွေလည်း ဒီလိုပဲ တရားဝင်ရပ်တည် လုပ်ကိုင်ဆောင်ရွက်နိုင်နေကြတာပါပဲ။

ဒီလိုလုပ်တာဟာ အားလုံးအတွက် ရှင်းရှင်းလင်းလင်း ထင်သာမြင်သာရှိပြီး စိတ်ချလက်ချ ခိုင်ခိုင်မာမာ ရပ်တည်လှုပ်ရှားနိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးနဲ့ နိုင်ငံတကာက လက်ခံထားတဲ့ အခြေခံဥပဒေနဲ့ အစိုးရကို အသိအမှတ်မပြုချင်သလိုလို၊ ပြုချင်သလိုလိုနဲ့ နိုင်ငံရေးကစားပြီးတော့ ဘယ်ခြောက်ကာ ညာလှမ်းဖို့ ကြိုးစားနေဦးမယ်ဆိုရင်တော့ နိုင်ငံအတွက် သိပ်ပြီးအကျိုးရှိမှာ မဟုတ်တဲ့အပြင် အားလုံးအတွက် အကျိုးဆုတ်ယုတ်ဖို့သာ များလိမ့်မယ်ထင်ပါတယ်။

ကျွန်တော်တို့ သာမန်တိုင်းသူပြည်သားတွေအတွက်ကတော့ ကိုယ့်တစ်ဝမ်းတစ်ခါးကို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် ရှာဖွေစားသောက်နိုင်ပြီး နိုင်ငံစီးပွားရေးရော တစ်ဦးချင်း ပြည်သူတွေရဲ့ ကြီးပွားရေးပါ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာတာမျိုးပဲ လိုချင်ပါတယ်။ လမ်းပေါ်နိုင်ငံရေးတွေ၊ ကျီးလန့်စာစားမင်းမဲ့အခြေအနေတွေကို ထပ်ပြီး မမြင်ချင်၊ မတွေ့ချင်၊ မကြုံချင်တော့ပါဘူး။ ပြည်သူတွေအကျိုးကို တကယ်လိုလားပါတယ်ဆိုရင် ပြည်သူတွေရဲ့ မျက်နှာကိုလည်း ပြန်ကြည့်ပေးပြီးတော့ ပြည်သူ့အကျိုးအတွက် တရားဝင် ဥပဒေဘောင်ထဲက လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ။

❖ ကျွန်တော်တို့ သာမန်တိုင်းသူပြည်သားတွေအတွက်ကတော့ ကိုယ့်တစ်ဝမ်းတစ်ခါးကို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် ရှာဖွေစားသောက်နိုင်ပြီး နိုင်ငံစီးပွားရေးရော တစ်ဦးချင်းပြည်သူတွေရဲ့ ကြီးပွားရေးပါ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာတာမျိုးပဲ လိုချင်။

❖ လမ်းပေါ်နိုင်ငံရေးတွေ၊ ကျီးလန့်စာစား မင်းမဲ့အခြေအနေတွေကို ထပ်ပြီး မမြင်ချင်၊ မတွေ့ချင်၊ မကြုံချင်။

❖ ပြည်သူတွေအကျိုးကို တကယ်လိုလားပါတယ်ဆိုရင် ပြည်သူတွေရဲ့ မျက်နှာကိုလည်း ပြန်ကြည့်ပေးပြီးတော့ ပြည်သူ့အကျိုးအတွက် တရားဝင် ဥပဒေဘောင်ထဲက လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းပေးပါလို့ မေတ္တာရပ်ခံချင်။

ပထမအကြိမ် ... အထူးအစည်းအ...

ရန်ကုန် ဇွန် ၂၉

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးရှိသည့်အနက် ၁၂၀ တက်ရောက်သည့်အတွက် ၉၇ ဒသမ ၅၆ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ... အထူးအစည်းအ...

နေပြည်တော် ဇွန် ၂၉

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၁၀၁ ဦးအနက် အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဆင်ဖွဲ့စည်းသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးဌာနများအလိုက် လက်ရှိဝန်ကြီးများအား ဆက်လက်တာဝန်ပေးအပ်ရန် တင်ပြဆွေးနွေးသည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ပထမနေ့ ကျင်းပ

ရန်ကုန် ဇွန် ၂၉

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးရှိသည့်အနက် ၁၂၀ တက်ရောက်သည့်အတွက် ၉၇ ဒသမ ၅၆ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းသည့် တိုင်းဒေသကြီးဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိသည့်အနက် ၇၄ ဦး တက်ရောက်သည့်အတွက် ၉၈ ဒသမ ၆၆ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တော၊ သတ္တုနှင့် စွမ်းအင် ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပထမအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၁၀၁ ဦးအနက် အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဆင်ဖွဲ့စည်းသည့် စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးဌာနများအလိုက် လက်ရှိဝန်ကြီးများအား ဆက်လက် တာဝန်ပေးအပ်ရန် တင်ပြဆွေးနွေးသည်။

ခန့်အပ်မည့်ဝန်ကြီးဌာနများအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးကြည်နိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန္တီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမြင့်ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကလေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိန်ဝင်း၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ချောင်းဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းထိုက်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မော်လိုက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိန်မောင်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဝက်လက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးတင်ငွေ၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ဝင်း၊ စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ် ကသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးတင်ဝင်း၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ချောင်းဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမြင့်သိန်းတို့ ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးများ၏ အမည်စာရင်းကိုတင်ပြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(လေဆိပ်)တွင် ၂ ဒသမ ၀၈ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၉၄ လက်မ၊ နေပြည်တော် (ပျဉ်းမနား)တွင် သုည ဒသမ ၇၉ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် အမ်းမြို့တွင် ၁ ဒသမ ၉၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေ သည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

အထက်မင်းလှ မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၂၉

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မင်းလှ ဓမ္မရိပ်သာ(ဗဟန်းဈေးအနီး)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဇူလိုင် ၄ ရက် နောက်ဆုံးထား၍ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဦးလှတင့် ဖုန်း-၇၂၆၈၆၆၊ ဦးဘိုမောင် ဖုန်း-၇၃၀၃၉၈၇၀နှင့် ဦးမျိုးညွန့်ဦး ဖုန်း-၇၃၁၄၇၃၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြင်သစ်နိုင်ငံနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Thierry MATHOU လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Thierry MATHOU သည် ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများကို ဆွေးနွေး ညှိနှိုင်းကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်း ဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (မန္တလေး)၏ ပါမောက္ခချုပ်ဖလား ဘာသာရပ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက်က ရွှေမန်းတောင် အားကစားကွင်း၌ ကျင်းပစဉ်။

(၆၃၇)

ပြည်တွင်းအားကစားသတင်းများ

အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၂၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၌ ကျင်းပသည်။

အစီအစဉ်အရ အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲတွင် Optimist (B,I,A) Class ပြိုင်ပွဲများနှင့် Optimist Open Class၊ Rater Class နှင့် Tridthlon ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲတွင် ပထမဆုရ ZWC & PP Family Team၊ ဒုတိယဆုရ COB Team နှင့် တတိယဆုရ Yaung Ni Oo Gold Smith Team တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် အထွေထွေအတွင်းရေးမှူးတို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ပထမဆုရ ZWC & PP Family Team အား မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင့် ဆုပေးအပ်ချီးမြှင့်စဉ်။

(အား/ကာ)

ပြည်တွင်းဈေးကွက်သတင်း

ပြည်တွင်း ပဲမျိုးစုံနှင့် စားသုံးဆီဈေးကွက်များ၌ ဈေးကွက်လိုက်၍ ဈေးနှုန်း အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်။

မတ်ပဲ ။ *။ ယခုရာသီသည် မတ်ပဲသိုလှောင်ရာကာလဖြစ်သော်လည်း မန္တလေးမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်း ကျပ် ၄၇၉၅၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ကျပ် ၄၆၉၇၀၀ သို့လည်းကောင်း၊ ဟသ်ာတ မတ်ပဲဈေးကွက်မှာ ယခင် မတ်ပဲတစ်တန်ဈေးနှုန်း ကျပ် ၄၇၄၆၀၀ မှ ယခု ကျပ် ၄၆၈၄၀၀ သို့လည်းကောင်း ကျဆင်းခဲ့သည်။ ပြည်မတ်ပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်း အနည်းငယ်တက်လာသော်လည်း မုံရွာမတ်ပဲဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်နေသည်။*

ပဲတီစိမ်း ။ *။ ပြည်တွင်း ပဲတီစိမ်းဈေးကွက်တွင် မုံရွာပဲတီစိမ်းဈေးကွက်မှာ ယခင်အပတ်က ပဲတီစိမ်း တစ်တန်ဈေးနှုန်း ကျပ် ၇၁၅၂၀၀ ရှိခဲ့ရာမှ ယခု ကျပ် ၆၉၃၂၀၀ သို့ ကျဆင်းခဲ့သည်။ မန္တလေးပဲတီစိမ်း ဈေးကွက်မှာ ယခင်အပတ်က ပဲတီစိမ်း တစ်တန်ဈေးနှုန်း ကျပ် ၇၄၀၃၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ကျပ် ၇၆၁၈၀၀ ထိ တက်လာခဲ့သော်လည်း ကျန်ပဲတီစိမ်း ဈေးကွက်များတွင် ပဲတီစိမ်းဈေးနှုန်း အေးနေကြောင်း သိရသည်။*

ပဲစင်းငုံ(နီ) ။ *။ ပြည်တွင်း ပဲစင်းငုံ(နီ) ဈေးကွက်တွင် မုံရွာပဲစင်းငုံ(နီ)ဈေးကွက်မှာ ယခင် ပဲစင်းငုံ(နီ) တစ်တန် ကျပ် ၃၉၄၃၀၀ မှ ယခု ကျပ် ၃၈၈၈၀၀ သို့လည်းကောင်း၊ မန္တလေးပဲစင်းငုံ(နီ)ဈေးကွက်မှာ ယခင်အပတ်က ပဲစင်းငုံ(နီ) တစ်တန် ကျပ် ၃၉၃၁၀၀ ရှိခဲ့ရာမှ ယခုကျပ် ၃၇၇၈၀၀ သို့လည်းကောင်း၊ ပခုက္ကူပဲစင်းငုံ(နီ) ဈေးကွက်မှာ ယခင် ပဲစင်းငုံ(နီ)တစ်တန်ကျပ် ၄၁၀၃၀၀ မှ ယခုကျပ် ၃၈၅၀၀၀ သို့လည်းကောင်း၊ ပြည် ပဲစင်းငုံ(နီ) ဈေးကွက်မှာ ယခင်အပတ်က ပဲစင်းငုံ(နီ)တစ်တန် ကျပ် ၄၀၇၂၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ကျပ် ၃၉၈၀၀၀ သို့လည်းကောင်း ဈေးကွက်အသီးသီး၌ ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရသည်။*

ပဲဆီ ။ *။ ပြည်တွင်း ပဲဆီဈေးကွက်တွင် မန္တလေးနှင့် စစ်တွေ ပဲဆီဈေးကွက်တို့တွင် ပဲဆီဈေးနှုန်း တည်ငြိမ်လျက်ရှိသော်လည်း ရန်ကုန်ပဲဆီဈေးကွက်မှာ ယခင်ပဲဆီ တစ်ပိဿာ ကျပ် ၃၉၀၀ မှ ယခု ကျပ် ၄၀၀၀ သို့ လည်းကောင်း၊ မကွေးပဲဆီဈေးကွက်တွင် ယခင်အပတ်က ပဲဆီတစ်ပိဿာ ကျပ် ၃၇၀၀ မှ ကျပ် ၃၈၀၀ သို့ လည်းကောင်း၊ တောင်ကြီး ပဲဆီဈေးကွက်မှာ ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၄၀၀ မှ ယခု ကျပ် ၃၅၀၀ သို့ လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့သည်။ သို့သော် ပဲခူး ပဲဆီဈေးကွက်မှာ ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၆၀၀ မှ ယခု ကျပ် ၃၅၀၀ သို့လည်းကောင်း၊ မုံရွာ ပဲဆီဈေးကွက်တွင် ယခင်အပတ်က ပဲဆီတစ်ပိဿာ ကျပ် ၃၇၀၀ မှ ယခုကျပ် ၃၆၀၀ သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။*

နှမ်းဆီ ။ *။ မန္တလေးနှမ်းဆီဈေးကွက်မှာ ယခင် နှမ်းဆီတစ်ပိဿာ ကျပ် ၂၉၀၀ မှ ယခု ကျပ် ၂၆၀၀ သို့ လည်းကောင်း၊ မုံရွာနှမ်းဆီဈေးကွက်တွင် ယခင်အပတ်က နှမ်းဆီတစ်ပိဿာ ကျပ် ၃၀၀၀ မှ ယခုအပတ်တွင် ကျပ် ၂၈၀၀ သို့ လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့သော်လည်း ရန်ကုန်၊ ပဲခူးနှင့် စစ်တွေ နှမ်းဆီဈေးကွက်တို့မှာ တည်ငြိမ်နေသည်။ မကွေးနှင့် တောင်ကြီးနှမ်းဆီဈေးကွက်တို့တွင်မူ နှမ်းဆီဈေးနှုန်း အနည်းငယ်တက်ခဲ့ကြောင်း သိရသည်။*

စားအုန်းဆီ ။ *။ ပြည်တွင်း စားအုန်းဆီဈေးကွက်တွင် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မုံရွာနှင့် တောင်ကြီးစားအုန်းဆီဈေးကွက်များ၌ ဈေးကွက်လိုက်၍ ဈေးနှုန်းအသီးသီး ကျဆင်းခဲ့သော်လည်း၊ မကွေးနှင့် စစ်တွေ စားအုန်းဆီ ဈေးကွက်တို့မှာ ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။*

ပြည်ပအားကစားသတင်း

နေမာကို ခေါ်ယူရန် ထိပ်တန်းအသင်းကြီးများ အပြိုင်စိတ်ဝင်စားလျက်ရှိ

ရီးယဲလ်မက်ဒရစ်သို့ ရောက်ရန် နီးစပ်နေသည့် နေမာ။

လန်ဒန် ဇွန် ၂၉

ဆန်းတို့စ်အသင်းမှ ဘရာဇီး တိုက်စစ်မှူး နေမာကို ခေါ်ယူနိုင်ရေး ထိပ်တန်းအသင်းကြီးများဖြစ်သည့် စပိန်မှ ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်၊ အင်္ဂလန်မှ ချယ်လ်ဆီးနှင့် မန်စီးတီး၊ ရုရှားမှ အင်ဇိုင်မက်ခါချီကာလာအသင်းများက အပြိုင်ကြိုးပမ်းလျက်ရှိနေကြသည်ဟု သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးကြယ်ပွင့် နေမာကို ခေါ်ယူရန် အဦးဆုံး ကြိုးပမ်းခဲ့သည့်အသင်းမှာ ချယ်လ်ဆီးပင်ဖြစ်သည်။ သို့သော် နေမာအတွက် ဆန်းတို့စ်အသင်း၏ ခေါ်ဈေးမှာ များလွန်းနေ၍ အေဗရာမိုဗစ်ချ်အနေဖြင့် ချင့်ချိန်နေရခြင်း ဖြစ်သည်။ ထိုအခြေအနေတွင် နေမာ၏ စွမ်းဆောင်ရည်ကိုကြည့်၍ စိတ်ဝင်စားလာသည့်အသင်းက တဖြည်းဖြည်း များလာသည်။ ဆန်းတို့စ်အသင်းက နေမာကို ရောင်းချမည့်ဈေးမှာ ပေါင်သန်း ၄၀ ကျော်ခန့် ရှိသော်လည်း အဆိုပါ ငါးသင်းလုံးက ထိုဈေးကိုပေးရန် ဆန္ဒရှိနေကြသည်။

ကာယကံရှင်က စပိန်ကလပ် ရီးယဲလ်မက်ဒရစ်ကို သွားလိုသော်လည်း ဆန်းတို့စ်နည်းပြက ရီးယဲလ်မက်ဒရစ် အသင်းမှ ဘရာဇီးသား ကာကာ၏ အဖြစ်ကို ဥပမာပေး၍ နေမာကို ဆုံးဖြတ်ချက်မမှားရန် ပြောဆိုခဲ့သည်။ သို့သော် ဇွန် ၂၈ ရက်နေ့တွင် ထွက်ပေါ်လာသော သတင်းများအရ ရီးယဲလ်မက်ဒရစ်က နေမာကို ယူရို ၄၅ သန်း ပေး၍ ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဟု ဆိုသည်။ အကယ်၍ နေမာသည် ချယ်လ်ဆီးကို သွားမည်ဆိုပါက ပြိုင်ဆိုင်မှု ပြင်းထန်သည့် ပရီမီယာလိဂ်တွင် အောင်မြင်ရန်၊ နေရာရရန် အနည်းငယ်ခက်ခဲမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ နေမာ၏ အပြောင်းအရွှေ့ကိစ္စမှာ ကိုပါအမေရိကဖလားပြိုင်ပွဲပြီးမှသာ အဆုံးသတ်ဖွယ်ရှိနေသည်။

ESPN။

သတိပြုဆင်ခြင်စရာ

ဖြူးမြို့အနောက်ဘက် အမြန်လမ်းမ၌ ယာဉ်တစ်စီး လမ်းကျော်တိမ်းမှောက်

ဖြူး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အနောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း သိန်းစိုးမင်း မောင်းနှင်လာသော ကိုယ်ပိုင်မော်တော်ယာဉ်မှာ ဖြူးမြို့နယ် အမြန်လမ်းရဲစခန်းအပိုင်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းထဲ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ယာဉ်မောင်း သိန်းစိုးမင်း မြောက်ဒဂုံနေသူ မောင်းနှင်လာသော ဂျက်တာအနီရောင် ကိုယ်ပိုင်ယာဉ်သည် ဖြူးမြို့အနောက်ဘက် သုံးမိုင်ခန့်အကွာ အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် (၁၁၃/၄) လက်ယာတံတားအနီး အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ဝင်ရောက်တိုက်မိပြီး လက်ယာကျွန်း လမ်းဘေးရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ လေးဦးအနက် တစ်ဦးမှာ ကားပေါ်တွင် သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကာ ယာဉ်မှာ ဦးခေါင်းပိုင်း ကြေမွပျက်စီးသွားပြီး ယာဉ်ကိုမဆင်မခြင် မောင်းနှင်သူ သိန်းစိုးမင်းအား ဖြူးမြို့နယ် အမြန်လမ်းရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၄၀)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ကြံခင်း ဇွန် ၂၉

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပသော စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ကြံခင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅ ၇၁ နှင့် ဒေါ်ခိုင်ခိုင်စိုး ဖုန်း-၆၆၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဟန်သစ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တစ်နှစ်ပတ်လုံး ရာသီအလိုက် ဖူးပွင့်ဝေဆာနေသော ပန်းဥယျာဉ်ကြီးအဖြစ် လေ့လာမြင်တွေ့ခွင့်ရမည့် နေပြည်တော် ပန်းမြိုင်လယ်ဥယျာဉ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပြီးစီးသွားသော ပန်းမြိုင်လယ်ဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါ ဥယျာဉ်မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်နှင့် နောင်တုံဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းတစ်အောင်တို့က ပန်းမြိုင်လယ်ဥယျာဉ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသိန်းညွန့်က ပန်းမြိုင်လယ်ဥယျာဉ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ပန်းမြိုင်လယ်ဥယျာဉ်၌ မြန်မာပြည်အနှံ့အပြားရှိ သစ်ခွမျိုးများအား **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများ ထုတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၉

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို ယနေ့မှစ၍ စတင်ထုတ်ပေးနေပြီဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို နေပြည်တော် ရုံးအမှတ် (၅၂)ရှိ မြန်မာနိုင်ငံ စာစစ်အဖွဲ့တွင်လည်းကောင်း၊ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ (မေခဆောင်)ရှိ မြန်မာနိုင်ငံ စာစစ်အဖွဲ့တွင် လည်းကောင်း ထုတ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ဂျေရုဆလင် ဇွန် ၂၉

အစ္စရေးနိုင်ငံ၏ မြေထဲပင်လယ် ကမ်းရိုးတန်းဒေသသို့ ပင်လယ်ခူများ အုပ်စုများဖွဲ့ကာ ချဉ်းကပ်လာနေကြောင်း၊ ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများအတွင်း ရေထုညစ်ညမ်းမှု ပိုမိုဖြစ်ပေါ်လာခြင်းနှင့် မြေထဲပင်လယ်ဒေသ၌ ငါးအလွန်အကျွံ ဖမ်းဆီးခြင်းတို့၏ အကျိုးသက်ရောက်မှုအဖြစ် ပင်လယ်ခူ သတ္တဝါများ ကျူးကျော်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

အစ္စရေးနိုင်ငံ၏ မြေထဲပင်လယ် ကမ်းရိုးတန်းဒေသမှ မီတာ ၃၀၀ ကွာဝေးသောနေရာအထိ ပင်လယ်ခူ (ရေခူ)များ ဝင်ရောက်လာနေသည်ကို သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိသည်။

အစ္စရေး ပင်လယ်ကမ်းရိုးတန်းဒေသဘက်သို့ ပင်လယ်ခူများအုပ်စုဖွဲ့ကာ ချဉ်းကပ်လာနေ

ကျူးကျော်ဝင်ရောက်လာသော ပင်လယ်ခူ ရေသတ္တဝါများကို အစ္စရေး အဏ္ဏဝါသိပ္ပံပညာရှင်များက လေ့လာလျက်ရှိကြသည်။

ပင်လယ်ခူများသည် အစ္စရေးနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသဘက်သို့ လွန်ခဲ့သည့်သုံးလက စတင်ဝင်ရောက်လာခဲ့ပြီး ယခုအခါ အက္ကရီးဒေသနှင့် အက်ရှကီလွန်ဒေသတို့ဘက်သို့ ပျံ့နှံ့လာနေကြောင်း ပါမောက္ခ ဘယ်လာဂယ်လီက ပြောကြားသည်။

အစ္စရေးကမ်းရိုးတန်းဘက်သို့ ချဉ်းကပ်လာနေသော ပင်လယ်ခူများသည် လူတို့ကိုဘေးအန္တရာယ်ပေးနိုင်ခြင်းမရှိဟုဂုင်းက ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍

အဏ္ဏဝါသိပ္ပံ အင်တာနက်သတင်း

ဘာသာပြန် - ရောမောင်

အစ္စရေးနိုင်ငံ၏ မြေထဲပင်လယ်ကမ်းရိုးတန်းဒေသ၌ တွေ့ရှိရသော ပင်လယ်ခူများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် ဇွန် ၂၉

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)